## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်

## ဆိတ်ချေးအုပ်စု၊ ဗျားသံကိုင်းကျေးရွာ

# ကျေးရွာလက်စွဲစာအုပ်



မာတိကာ


၁။ ကျေးရွာတင်လွှာ
၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)
၃။ မိတ်ဆက်
- ဦးအောင်မင်းနိုင် လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲခြင်းရည်ရွယ်ချက်
၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်
၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ
၇။ ရာသီခွင်ပြဇယား
၈။ ပြဿသစ်ပင်နှင့် ဖြေရှင်းမှုစက်ကွင်း
၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ
၁၀။ အနာဂတ်မျှော်မှန်းချက်မြေပုံ
၁၁။ ထူးခြားဖြစ်စဉ်မြေပုံ
၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား
၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan)
၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှုအနေအထားအရ ကျေးရွာမှတဆင့်သတ်မှတ်ထား မှုဇယား။

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်သည် ရပ်ကွက်(၃)ခု၊ကျေးရွာအုပ်စု(၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၄)အုပ်စု၊ ကျေးရွာပေါင်း(၃၂၉)ရွာတည်ရှိပြီး (၇၈၅.၆၆၁)စတုရန်းမိုင်ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အမျိုးမျိုးအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာမူဝါဒရေးရာ ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်မြေပြင်မှာ ပြုပြင်ပြောင်းလဲမှုရဲ့ အသီးအပွင့်တွေကို ပြည်သူအများ ခံစားရရှိနိုင်ဖို့ဟာ အဓိကကျပါတယ်။ အဲဒီလိုပြည်သူအများရဲ့ လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထား ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေး(People-Centered Development)လုပ်ငန်းတွေကို အောက်ခြေမှစ၍ အမှန်တကယ်ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ ပြည်သူအများရဲ့ လူမှုစီးပွားရေးလိုအပ်ချက်တွေကို ပြည်သူ့အသံ၊ပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီ ဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာ တာဝန်ခံယူမှုရှိတဲ့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ခု ဖြစ်ထွန်းလာမှာ ဖြစ်ပါသည်။ ပြည်သူ့အများရဲ့ ဦးစားပေးလိုအပ်ချက်တွေကို ဖော်ထုတ်ဆောင်ရွက်ရာမှာ ပြည်သူ့အများပူးပေါင်းပါဝင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ပြီး မိမိတို့ရပ်ရွာကို လေ့လာသုံးသပ်ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအမံများရေးဆွဲနိုင်မှသာ ပြည်သူ့အများ အမှန်တကယ်လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နိုင်တဲ့ ပြည်သူ့ဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲ ဖြစ်ပါတယ်။ သို့မှသာ ကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီးအဆင့်ဆင့်စုစည်းမိပြီး တိုင်းဒေသကြီး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Regional Comprehensive Deceiopment)ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေသော လက်ရှိအချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့အတွက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အပ်ရှင်အေ့ဒ်မြန်မာတို့ပူးပေါင်း၍ အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရ ပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ ကျေးရွာလက်စွဲစာအုပ်(Village Book)များကို ဖော်ထုတ်သွားဖို့နဲ့လုပ်ငန်းအကောင်အထည်ဖော်ရာမှာ အားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ ချမှတ်နိုင်ဖို့ဘဲ ဖြစ်ပါသည်။ ထို့ကြောင့် ယခုလုပ်ငန်းစဉ်ကို အဓိကတာဝန်ယူဖော်ဆောင်ရမယ့် ဌာနဆိုင်ရာများအတွက် အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း သင်တန်းကို နည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး အက်ရှင်အေ့ဒ် မြန်မာ၏ပံ့ပိုးမှုဖြင့် မြိုင်တစ်မြို့နယ်လုံး အတိုင်းအတာနဲ့ အကောင်အထည်ဖော်ရာမှာ အားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ ချ မှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။ ထို့ကြောင့် ယခုလုပ်ငန်းစဉ်ကို အဓိကတာဝန်ယူဖော်ဆောင်ရမယ့် ဌာဆိုင်ရာများအတွက် အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်း၊ သင်တန်းကို နည်းပြသင်တန်းတက်ရောက်ပြီး၊ ပြန်လည်လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ယခုလို အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး အက်ရှင်အေ့ဒ် မြန်မာ၏ပံ့ပိုးမှုဖြင့် မြိုင်တစ်မြို့နယ်လုံး အတိုင်းအတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသော အရာရှိများနှင့်အတူ အားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့ အထူးတလည်မှတ်တမ်းတင်လိုတာကတော့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ခု ဖြစ်ထွန်းလာဖို့အတွက် စနစ်အတွင်းမှာ ပါဝင်တဲ့သူအားလုံးရဲ့ အတွေးအခေါ်ခံယူချက်(mind-set)တွေ ပြောင်းလဲနိုင်ဖို့ လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်(Good Govermance)၏ အခြင်းအရာများ ဖြစ်ကြတဲ့

(၁) အများပါဝင်စေခြင်း(Participation)

(၂) စည်းမျဉ်းစည်းကမ်းဥပဒေကို လေးစားလိုက်နာခြင်း(Rute of Law)

(၃) ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictabillity)

(၄) ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(၅) တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(၆) အများစု၏သဘောကိုရှေးရှုခြင်း(Consemus Orientation)

(၇) ညီမျှမှုနှင့် အများစုစဉ်းစားခြင်း(Equity & Indusiveness)

(၈) ထိရောက်မှုရှိခြင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝခြင်း(Effectiveness and Effciency)

(၉) တာဝန်ယူမှုရှိခြင်း(Accountability)

စတဲ့ အခြားအရာများတို့ဟာ ကျေးရွာလက်စွဲစာအုပ်ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို ဝိုင်းဝန်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ရေးဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင်လိုစိတ်ရှိဖို့ အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေထိဆင်းပြီး ပြည်သူများနဲ့ တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်း အရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံးအတွက် အခုလိုနည်းပညာပိုင်းအရ ဆက်စပ်ပံ့ပိုးပေးတဲ့ အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူငယ်သင်တန်းဆရာ၊ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်

CamScanner

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိသုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊( )၊( )ရက်

## မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအခြေအနေအရပ်ရပ်တို့နှင့် ဘေးအန္တရာယ်အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားပိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာ များကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး၊ ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ် ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်ကြမည်ဟူသော လိုအပ်ချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရေးအစဉ်အစဉ်ကို ရေးဆွဲကြခြင်း ဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားပိုင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ကာ မှတ်တမ်းပြုစု သူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း Action Ald(INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကို မည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းသက်သက်စေ မည်လည်းဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံးအတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်းတွင်စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်တွင်မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက် အန္တရာယ်တို့ လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှလည်းကောင်း၊ INGO/NGO အဖွဲ့အစည်းအသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှလည်းကောင်း၊ ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်)

လေးစားစွာဖြင့်

အောင်မင်းနိုင်
အပူပိုင်းဒေသစီမံကိန်းမန်နေဂျာ
အက်ရှင်အေဒ့်မြန်မာ
၀၉၇၉၄၄၀၂၆၉၇၊ ၀၆၂၆၀၄၁၂

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊စီးပွားရေး၊ပညာရေး၊ အခြေအနေအရပ်ရပ်တို့နှင့် ဘေးအန္တရာယ်အတွေ့အကြုံများ၊ ထိခိုက်ခံရမှုများကို လူထုကိုယ်တိုင်ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြိုးဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်းပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း၊ စကားဝိုင်းနှင့်ဆွေးနွေးပွဲများ၊ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှလည်း၊ ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း၊ Actionaid(INGO)အဖွဲ့မှသင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးရွာလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကို မည်ကဲ့သို့ လျှော့နိုင်မည် အစရှိသည့် နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေးကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကိုလျှော့နည်းသက်သာစေမည့်လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တစ်နေရာတည်းတွင် စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်တွင်မိမိတို့၏ တစ်ဦးချင်းမိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင်အနှောက်အယှက် အန္တရာယ်တို့ လျှော့နည်းကာ တစ်ရွာလုံးမှလည်း ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှလည်းကောင်း၊ INGO/NEO အဖွဲ့အစည်းအသီးသီးမှလည်းကောင်း မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိဆောင်ရွက် နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။

လေးစားစွာဖြင့်-

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး၊ တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပိုမို၍ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

အထူးမှာ ယခုကဲ့သို့ ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသေကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အများအယွင်းနည်းစွာဖြင့် ရေတိုရော ရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာ အကျိုးရှိအောင် ကြိုးစားဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး၊ အကျိုးဆောင်လူငယ်များ နှင့် ကျေးရွာသူကျေးရွာသားများ၊ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ် ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သည့် ပညာရှင်များပင် ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး
ပျားသံကိုင်းကျေးရွာ၊ ဆိတ်ချေးအုပ်စု
မြိုင်မြို့နယ်
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ဆိတ်ချေးကျေးရွာအုပ်စု၊ မြိုင်မြို့နယ်

## မြေပုံများရေးဆွဲရခြင်း၏ရည်ရွယ်ချက်

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများ နေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီး ဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ် လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသောနေရာများအား သတ်မှတ်ဖော် ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန်။

### ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေမှုကို သိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး)စသည်ဖြင့် သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်ကာကွယ် နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ် ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့် ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

### ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲများသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့် အသီးအပွင့်များ သဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီး အပွင့်များကို သိရှိနားလည်လာပြီး၊ ၎င်းပြဿနာသစ်ပင်ပေါက်နှင့် မျိုးစေ့များကို ဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ ပေါက်ပင်ဘာကြောင့်ကိုင်းရတယ် ဟူသောအကြောင်း အကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- သတိမမူ ဂူမမြင် ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများ သည်။ သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော် တတ်သိပညာရှင် များနှင့် ပူးပေါင်းကာ နည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသော ကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်က ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များ စုစည်းပေါ် ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- သို့သော် အနာသိက ဆေးရှိသည် ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျ သိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင် စေရန်။

## ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ခြင်း၏ ရည်ရွယ်ချက်

ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏အတွေးအမြင်၌ မဖြစ် နိုင်ဟူသော သံသယသည် ကင်းစင်ပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ လိုလျှင်ကြံဆ နည်းလမ်းရ ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကိုသက်ကြီးစကား သက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေ ပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- ထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့်သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် အကောင်း၊ အဆိုး ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေး အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ်အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်း ကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းရမှု၊ ပညာရေးနောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည်တို့ သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေ သည်ကို ထင်ရှားစေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသော လမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင် သူက မိမိမလုပ်နိုင်သည်ကို လိုပ်နိုင်သူကတာဝန်ယူကောဖြေရှင်းမည့် နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဂန်ထုတ်ဂန်ပိုး သည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှ နည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်းများက မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျှက် အထက်သို့ပေါ့ ပါးစွာထွက်ပျံတက်နိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်းအဖြေရှာတင်ပြခြင်းဖြင့် နားလည်စေ ခြင်း။
- ဆင်းရဲမှု နှင့် ဆင်းရဲမှုမှလွတ်မြောက်မှု အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်းဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

**အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲခြင်းရည်ရွယ်ချက်**

- အိမ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း၊ ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သောအနာဂတ်မျှော်မြှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာ ယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာ အနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင် ဖြစ်ပါတော့သည်။

**ကျေးရွာ၏လိုအပ်ချက်အကောင်အထည်ဖော်ဖယားရေးဆွဲခြင်းရည်ရွယ်ချက်**

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏လိုအပ်ချက်များ ဦးစားပေးလုပ်ဆောင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင် မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကို ကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

**အမျိုးသမီးဆိုင်ရာသုံးသပ်ချက်ရေးဆွဲခြင်းရည်ရွယ်ချက်**

- အမျိုးသမီးသက်ငယ်/သက်ကြီး (ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွား ရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကို ဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သောခွန်အားနှင့် စွမ်းရည်အပြည့် အဝရှိသည် ဆိုသောဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှု ပပျောက်နိုင် ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီး တို့နှင့် အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

မြိုင်မြို့နယ်၊ ဆိတ်ရှေးကျေးရွာအုပ်စု၊ ပျားသံကိုင်းကျေးရွာ၏
အခြေခံသတင်းအချက်အလက်

ရက်စွဲ။ ။

<u>လူဦးရေစုစုပေါင်း</u> - ၅၅၀
ကျား -၂၇၂
မ -၂၇၈

<u>မိသားစု စုစုပေါင်း</u> -၉၅

<u>အိမ်ခြေစုစုပေါင်း</u> -၁၀၀

<u>အသက်အပိုင်းအခြားအလိုက် ဦးရေ</u>
၀ မှ ၅ နှစ်အောက် -၃၀
၅ မှ ၁၃ နှစ်အောက် -၆၂
၁၃ မှ ၁၈ နှစ်အောက် -၂၁၄
၁၈ မှ ၆၀ နှစ်အောက် -၁၇၀
၆၀ နှင့် အထက် -၃၂

<u>အသက်မွေးဝမ်းကြောင်းအလုပ်အကိုင်များ</u>
တောင်သူ -၅၇
ထန်းတက် -၃
ကျပန်း -၄၀
အရောင်းအဝယ် -
ဈေးရောင်း -
လက်သမား -
ဝန်ထမ်း -
ယာဥ်မောင်း -
စက်ချုပ် -

<u>စိုက်ပျိုးမြေကပိုင်ဆိုင်မှု</u>
လယ်မြေ -၂၂၀ ဧက
ဥယျာဥ်ခြံ -.၅
ယာမြေ -၂၆၅
ပလပ်မြေ -၁၀

<u>ခြံဝင်းအတွင်းရှိ အရိပ်ရနှစ်ရှည်ပင်ကြီး</u>
မကျည်းပင် -၂၀

| | |
|---|---|
| တမာ | - |
| ထနောင်း | - |
| ကျွန်း | - |

<u>အခြားပိုင်ဆိုင်မှု (အဓိကအသက်မွေးဝမ်းကျောင်းနှင့် ပတ်သက် -အိမ်မပါ)</u>

| | |
|---|---|
| ဆိုင်ကယ် | -၅၅ |
| နွား | -၁၀၀ |
| နွားလှည်း (ရေစည်) | -၄၀ |
| နွားလှည်း (ကုန်သယ်) | -၁၃၀ |
| ဖုန်း | -၁၃၀ |
| ဝက် | -၂၅ |
| ကြက် (မွေး) | -၁၅၀၀ |
| ကြက် (သဘာဝ) | -၂၀၀ |
| ဆိတ် | - |

<u>ကျန်းမာရေး</u>

| | |
|---|---|
| တီဘီရောဂါရှိသူ | - |
| အိတ်ချ်အိုင်ဗွီ/အိတ်စ်ရှိသူ | - |
| ငှက်ဖျားရောဂါရှိသူ | - |

မသန်စွမ်း(အသေးစိတ်ဖော်ပြပါ ဥပမာ-လေဖြတ်၊ ညာခြေမသန်၊ မျက်စိနှစ်လုံးမမြင်ရ၊ နားမကြား)

| | |
|---|---|
| လေဖြတ် | -၄ |
| ညာခြေမသန် | - |
| မျက်စိနှစ်လုံးမမြင်ရ | - |
| နားမကြား | - |
| ဉာဏ်ရည်မသန်စွမ်း | - |

<u>ပညာရေး</u>

| | | |
|---|---|---|
| ဘွဲ့ရ | -၉ | |
| အထက်တန်းပညာတက်ရောက်ဖူးသူ | -၂၈ | |
| အလယ်တန်းပညာတက်ရောက်ဖူးသူ | -၄၀ | |
| မူလတန်းပညာတက်ရောက်ဖူးသူ | -သက်ကြီး (ဆက်လက်မတက်ရောက်သူ) | ၅၀ |
| | -သက်ငယ်(လက်ရှိကျောင်းမှ ထွက်ထားသူ) | - |
| | -သက်ငယ် (တက်ရောက်ဆဲ) | ၄၀ |
| ဘာသာရေးပညာရေးတက်ရောက်ဖူးသူ | -၁၀၀ | |
| စာရေးဖတ်တက်သူ(ကျောင်းပြင်ပ) | -၂၀၀ | |

<u>မှတ်ချက်</u>

| | |
|---|---|
| ထိခိုက်လွယ်မှု (လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံကို အခြေပြုပြီး ပေါ်လာသော) | - |
| ထူးခြားမှု(ပြောင်းရွှေ့လုပ်သား၊ သက်ကြီးတစ်ဦးတည်းနေ၊ မုဆိုးမတစ်ဦးတည်းနေ) | ၅ |

CS CamScanner



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ဆိတ်ရှေးအုပ်စု၊ ပျားသံကိုင်းကျေးရွာသည် မြိုင်မြို့၏ အနောက်ဘက်(၁၆)မိုင်ခန့်ကွာဝေး၍ ဗဟင်းကျေးရွာအနီးတွင်တည်ရှိပါသည်။ ပျားသံကိုင်းကျေးရွာတွင် အိမ်ခြေ (၉၅)အိမ်ရှိ၍၊ အိမ်ထောင်စုပေါင်း(၈၅)စု၊လူဦးရေစုစုပေါင်း(၅၅၀)ဦး၊ ကျား(၂၇၂)ဦး၊ မ(၂၇၈)ဦးရှိပါသည်။

ပျားသံကိုင်းကျေးရွာ၏ သုံးနှစ်အတွင်း အကောင်အထည်ဖော်မည့်စိတ်ကူးများထဲတွင် မြိုင်နယ်မြောက်ပိုင်းနှင့် အနောက်ပိုင်းကို ဆက်သွယ်ပေးထားသော ထွင့်မြစ်ရတနာလမ်းပိုင်းရှိ ပျားသံကိုင်းကျေးရွာ၏အနောက်ဘက်ချောင်းပေါ်တွင် တံတား(သို့မဟုတ်)ရေကျော်တစ်ခုပြုလုပ်ရန် ရှိပါသည်။ ထိုတံတားရေကျော်ကို ပြုလုပ်နိုင်လျှင် ပျားသံကိုင်းကျေးရွာနှင့် အနီးအနားရှိ ရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၏အဆင်ပြေချောမွေ့ရုံမက မြိုင်မြို့နယ်မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးများပါ တိုးတက်လာမည်ဖြစ်ပါသည်-

တံတား(သို့မဟုတ်)ရေကျော် မရှိသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများ ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် မိုးတွင်းအခါတွင် ချောင်းရေ အများအပြားလာသောကြောင့် ကျန်းမာရေးမကောင်းသောလူနာများ သွားလာရန်အတွက် အခက်အခဲများရှိသောကြောင့် ဆေးကုသချိန် နောက်ကျပြီး အသက်ဆုံးရသည်အထိ ဆိုးဝါးရင်ဆိုင်နေရပါသည်။ အလယ်တန်း၊ အထက်တန်းပညာသင်ယူသော ကျောင်းသား၊ ကျောင်းသူများသွားလာရန်အတွက် တံတား(သို့မဟုတ်)ရေကျော်မရှိသောကြောင့် ပညာရေးမှာလဲ နောက်ကျကျန်ရစ်နေပါသည်။

မိုးတွင်းအခါ မုန်တိုင်းဝင်၍ မိုးများရက်ရှည်ရွာလျှင် ချောင်းရေများအများအပြားလာသောကြောင့် ရွာ၏တောင်ဘက်ပိုင်းရှိ နေအိမ်များကမ်းပါးပြိုကျ၍ ရွှေ့ပြောင်းကြရသည်။ ထို့ကြောင့် ရွာတောင်ပိုင်းရှိနေအိမ်များ မိုးတွင်းအခါ ချောင်းရေအများအပြားလာလျှင် အိပ်ကောင်းခြင်းမအိပ်ရ သဘာဝအရ ဘေးအန္တရာယ်ရင်ဆိုင်နေကြရသည်။ တဖြေးဖြေးနဲ့ တစ်ရွာလုံးတိုက်စားမျောပါသွားနိုင်သည်။ ထို့ကြောင့် ပျားသံကိုင်းကျေးရွာ ပျက်စီးမသွားအောင် ရေကာများတည်ဆောက်ချင်ပါသည်။

ပျားသံကိုင်းကျေးရွာသည် နွေအခါရေရှားပါးသော ပြဿနာကို ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် သောက်သုံးရေလုံလောက်စွာရရှိအောင် အဝီစိတွင်း (သို့)သောက်ရေကန်များတည်ဆောက်ပြီး၊ ရေစင်ရေပိုက်လိုင်း၊ ရေသန့်စက်များရှိလျှင် ကျန်းမာရေးအတွက်လည်း အဆင်ပြေလာမည်။ ထို့ကြောင့် အဝီစိတွင်း (သို့)ရေကန်များတည်ဆောက်ချင်ပါသည်။


CS CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိတ်ရေးအုပ်စု၊ ပျားသံကိုင်းကျေးရွာ၏
အိမ်မက်မြေပုံ အစည်းအဝေးတက်ရောက်သူလက်မှတ်

ရက်စွဲ ၉-၁၂-၂၀၁၉

| အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ဦးရွေးဝင်း | ပျားသံကိုင်း | | | |
| ဦးသိန်းစိုး | ပျားသံကိုင်း | | | |
| ဦးသန်းလွှန်း | ပျားသံကိုင်း | | | |
| ဦးထွန်းလင်း | ပျားသံကိုင်း | | | |
| ဦးနု | ပျားသံကိုင်း | | | |
| ဦးပေါစံ | ပျားသံကိုင်း | | | |
| ဦးကျောက်ခဲ | ပျားသံကိုင်း | | | |
| ဦးအောင်ကြိုင် | ပျားသံကိုင်း | | | |
| ဦးအောင်သန်း | ပျားသံကိုင်း | | | |
| ဦးမိုးမြင့် | ပျားသံကိုင်း | | | |
| ဦးခင်မောင်သန်း | ပျားသံကိုင်း | | | |
| ဦးမောင်စိုး | ပျားသံကိုင်း | | | |
| ဒေါ်အေးသက်နှင်း | ပျားသံကိုင်း | | | |
| ဒေါ်ဇင်မာအောင် | ပျားသံကိုင်း | | | |
| ဦးအောင်ညွှန့် | ပျားသံကိုင်း | | | |
| ဒေါ်စိန်ရော | ပျားသံကိုင်း | | | |
| ဒေါ်ကောင်းကြည် | ပျားသံကိုင်း | | | |
| ဒေါ်မြရွှေ | ပျားသံကိုင်း | | | |
| ဒေါ်အေးအေးစု | ပျားသံကိုင်း | | | |
| ဒေါ်အိမွန်စိုး | ပျားသံကိုင်း | | | |
| ဒေါ်ဆန်းရီ | ပျားသံကိုင်း | | | |
| ဒေါ်သန်းထွေး | ပျားသံကိုင်း | | | |
| ဒေါ်နှင်းရွှေ | ပျားသံကိုင်း | | | |
| ဒေါ်တင်ကြည် | ပျားသံကိုင်း | | | |
| ဒေါ်သန်းရွှေ | ပျားသံကိုင်း | | | |
| ဒေါ်ဝင်းကြည် | ပျားသံကိုင်း | | | |
| ဒေါ်မိုးရီ | ပျားသံကိုင်း | | | |

CamScanner



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဆိတ်ရေးအုပ်စု၊ ပျားသံကိုင်းကျေးရွာ၏ လူမှုရေးမြေပုံ အစီရင်ခံစာ

### တည်နေရာ

ပျားသံကိုင်းကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တွင်းမှာ တည်ရှိပါသည်၊ မြိုင်မြို့၏အနောက်ဘက်(၁၆)မိုင်ခန့် ကွာဝေး၍ ဗဟင်းကျေးရွာအနီးမှာ တည်ရှိပါသည်။

ရွာ၏အရှေ့တောင်ဘက်(၂)မိုင်ခန့်အကွာတွင် ဆိတ်ရေးကျေးရွာတည်ရှိ၍ အရှေ့ဘက်(၄)မိုင်ခန့် အကွာတွင် မကျီးကုန်းရွာတည်ရှိ၊ မြောက်ဘက်(၂)မိုင်ခန့်အကွာတွင် သာယာကုန်းကျေးရွာတည်ရှိ၊ အနောက်တောင်ဘက်တွင်(၂)မိုင်ခန့်အကွာတွင် ရှမ်းတုန်းကျေးရွာ၊ သနပ်ရင်းကျေးရွာ၊ ဗဟင်းကျေးရွာ အစဉ်အတိုင်း တည်ရှိပါသည်။

### ကျေးရွာမိတ်ဆက်

ပျားသံကိုင်းကျေးရွာ၏အကျယ်အဝန်းမှာ (၅)ဖာလုံ ပတ်လည်ခန့်ကျယ်ဝန်း၍ အရှေ့အနောက် အလျားရှည်၍ တောင်မြောက် အနံတိုသောရွာဖြစ်ပါသည်။ ပျားသံကိုင်းကျေးရွာတွင် အိမ်ခြေစုစုပေါင်း(၁၀၀) အိမ်တည်ရှိ၍ အိမ်ထောင်စုစုပေါင်း(၅)စု၊ လူဦးရေစုစုပေါင်း(၅၅၀)ဦး ကျား(၂၇၂)ဦး၊ မ(၂၇၈)ဦး ရှိပါသည်။

အမျိုးသမီးဦးဆောင်(၁၀)ဦးရှိ၍ သက်ကြီးဦးဆောင်(၁၀)ဦးရှိပါသည်။ အိမ်အမျိုးအစားများအနေ ဖြင့် သွပ်မိုးအုတ်နံရံကပ်အိမ်(၁၅)လုံး ရှိပါသည်။

ပျားသံကိုင်းကျေးရွာသည် အရှေ့နှင့်အနောက်လမ်းမကြီး (၃)လမ်းရှိပြီး တောင်နှင့်မြောက်လမ်းမှာ (၅)လမ်းရှိ၍ လမ်းသွယ်များလည်းရှိပါသည်။ ပျားသံကိုင်းကျေးရွာလမ်းများသည် အထက်အတန်းကျယ် ဝန်း၍ မီးဘေးအန္တရာယ်ဖြစ်ပွားပါက မီးသတ်ယာဉ်များသွားလာ၍ရသော အနေအထားတွင် တည်ရှိ ပါသည်။

ပျားသံကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝန်းတွင် ဖြည့်ဆည်းရာ စာကြည့်တိုက်နှင့် လျှပ်စစ် ဓာတ်အား ထိန်းယူသိုလှောင်လွှတ်ထုတ်ပေးသော ထရန်စဖော်မာ(၂၀၀)အိုး တစ်လုံးရှိပါသည်။ လျှပ်စစ်မီး အား နိုင်ငံတော်အစိုးရခွင့်ပြုချက်ဖြင့် (၁၃၈၀)-ခုနှစ် နှစ်ဦးပိုင်းမှစ၍ ကျေးရွာကိုယ်အားကိုယ်ကိုး လျှပ်စစ် မီးရရှိရေးကို စတင်အကောင်အထည်ဖော်ခဲ့ရာ ကျေးရွာသူ၊ ကျေးရွာသူများ၏ စည်းလုံးညီညွတ်မှု၊ ကျေးရွာ သူ၊ကျေးရွာသားများ၏ အားထုတ်ကြိုးပမ်းမှုနှင့် နိုင်ငံတော်အစိုးရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင် မြို့နယ်၊ ဆိတ်ရေးကျေးရွာအုပ်စု၊ ပျားသံကိုင်းကျေးရွာ ကိုယ်ထူကိုယ်ထလျှပ်စစ်သွယ်တန်းရေး ကုန်ကျစရိတ် သိန်း(၃၆၆)သိန်းကျပ်၊ သိန်းသုံးရာခြောက်ဆယ့်ခြောက်သိန်း ကျ ထိထိစိုက်ထုတ်ပြီး တည် ဆောက်ထားပါသည်။

၁၃၇၉-ပြည့်နှစ်၊ ဖြည့်ဆည်းဆရာတော်မှာ ဦးဆောင်မတည်ပြီး ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းဆောင်ရွက်၍ စတင်တည်ဆောက်ခဲ့ပါသည်။ ဖြည့်ဆည်းရာ စာကြည့်တိုက်တွင် ဘာသာရေး စာအုပ်များ၊ ပုံပြင်စာအုပ်များ၊ ဗဟုသုတစာအုပ်များ၊ မဂ္ဂဇင်း၊ စာစောင်များ၊ ကာတွန်း၊ ကဗျာများနှင့် ဝတ္ထုစာအုပ်များစသည့်ဖြင့် တွေ့ရှိပါသည်။ ပျားသံကိုင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသူ၊ ကျောင်းသားများ စာပေကိုစိတ်ဝင်စားမှု ရှိပါသည်။

မြို့နယ်မှ တာဝန်ရှိသူများအနေဖြင့် ကျေးရွာများတွင် စာကြည့်တိုက်၏ အခြေအနေများရောက် ကြည့်ရှု၍ လိုအပ်သည်များဖြည့်ဆည်းပေးပို့ အကြံပြုတောင်းဆိုအပ်ပါသည်။ ကျေးရွာအတွင်းရှိ စာကြည့် တိုက်များသည် ကျေးရွာသူ၊သားများနှင့် မျိုးဆက်သစ်လူငယ်များအတွက် အသိဉာဏ်ပညာနှင့်

CS CamScanner

တွေးခေါ်နိုင်မှု စွမ်းရည်များ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ အသိဉာဏ်ပညာနှင့် တွေးခေါ်နိုင်မှု စွမ်းရည်များ အကျင့်စာရိတ္တပိုင်းဆိုင်ရာ အသိဉာဏ်နှင့် လူငယ်မျိုးဆက်သစ်များအတွက် အောင်မြင်မှုများနှင့် နိုင်ငံ၏ သားကောင်းရတနာမျိုးကို တအုပ်မှ တစ်ဆင့်မွေးထုတ်ပေးနိုင်သော အရေးကြီးဆုံးသောနေရာ တစ်ခုဖြစ်ရာ စာကြည့်တိုက်ရေရှည်တည်တံ့အောင် နိုင်ငံတော်မှ အကြီးအကဲများ၊ မြို့နယ်မှ တာဝန်ရှိလူကြီးမင်းများ အကောင်အထည်ဖော်ဆောင်ရွက် ပေးစေလိုပါသည်။

## ပျားသံကိုင်းကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး

ပျားသံကိုင်းကျေးရွာ၏ ပညာရေး စီးပွားရေး ကျန်းမာရေး အခန်းကဏ္ဍများကို အဓိကအသုံးပြု သောလမ်းမှာ ပျားသံကိုင်းကျေးရွာ မြိုင်လမ်းနှင့် ပျားသံကိုင်းကျေးရွာ ပေါင်းလမ်းတို့ဖြစ်ပါသည်။

ပျားသံကိုင်းကျေးရွာနှင့် မြိုင်မြို့သို့ ဆက်သွယ်ထားသောလမ်းမှာ ဆယ်မြောက်မိုင်ခန့်ကွာဝေးပါသည်။ ပျားသံကိုင်းကျေးရွာ-မြိုင်လမ်းတွင် ပျားသံကိုင်းရွာနှင့် ဆိတ်ရေရှူကျေးရွာကြားရှိလမ်းပိုင်းသည် ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။ ၎င်းလမ်းသည် မြေသားလမ်းဖြစ်သဖြင့် ယာဉ်များဖြင့်သွားလာ၍ မရပါ။ မိုးတွင်းအခါတွင် ချောင်းရေကျသဖြင့် သွားလာ၍ မရပါ။ ထို့ကြောင့် ပျားသံကိုင်းကျေးရွာရှိ ၅ တန်း၊ ၆ တန်း၊ ၇ တန်း၊ ၈ တန်းကျောင်းသားများ ကျောင်းပျက်ရပါသည်။

ထိုလမ်းအား ပျားသံကိုင်းကျေးရွာ တစ်ရွာတည်းအသုံးပြုသော လမ်းမဟုတ်ဘဲ ပျားသံကိုင်းကျေးရွာ၏မြောက်ဘက် သာယာကုန်း၊ ကံလည်စသည့် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင်လည်း အသုံးပြုနေရသောလမ်းဖြစ်ပါသည်။ မိုးတွင်းအခါ ချောင်းရေကျချိန်တွင် ကျောင်းသားသူများ ကျောင်းပျက်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင် အခက်အခဲများ ရင်ဆိုင်နေရပါသည်။

ထို့ကြောင့် ပျားသံကိုင်းကျေးရွာနှင့် ဆိတ်ရေရှူကျေးရွာလမ်းရှိ ချောင်းကို တံတားခင်းပေးနိုင် မည်ဆိုလျှင် ပျားသံကိုင်းကျေးရွာနှင့်တကွ မြောက်ဘက်ရှိရွာများအတွက် ပညာရေးကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခန်းကဏ္ဍများ၌ အဆင်ပြေလွယ်ကူချောမွေ့လာသွားလာနိုင်မည် ဖြစ်ပါသည်။

ပျားသံကိုင်းကျေးရွာ-ပေါင်းလမ်းသည် ထွင့်မြိတ်ရတနာလမ်း၏ လမ်းပိုင်းတစ်ခုဖြစ်သည်။ မြိုင်နယ်မြောက်ပိုင်းနှင့် အနောက်ပိုင်းကို ဆက်သွယ်ထားသောလမ်းဖြစ်၍ စီးပွားရေးအတွက် အလွန်အရေးကြီးလှပါသည်။

ပျားသံကိုင်း-ပေါင်းလမ်းတွင် ပျားသံကိုင်းရွာနှင့် ရှမ်းတုန်းကျေးရွာကြားရှိ ချောင်းသည်မိုးတွင်းအခါ ချောင်းရေကျသဖြင့် သွားလာ၍ မရပါ။ ထိုအခါ ပျားသံကိုင်းကျေးရွာနှင့် အနီးအနားရှိကျေးရွာများမှ ၉ တန်း၊ ၁၀ တန်းကျောင်းသားများ ပျက်ရပါသည်။ စီးပွားရေး၊ လူမှုရေးများပျက်ကွက်ရပါသည်။ ကျန်းမာရေးအတွက ပေါင်းတိုက်နယ်ဆေးရုံကို အားထားနေရ၍ အသက်ဆုံးရှုံးမှုများ ရှိလာပါသည်။

ထို့ကြောင့် ထွင့်မြိတ်ရတနာလမ်း၏ လမ်းပိုင်းတစ်ခုဖြစ်သော ပျားသံကိုင်းကျေးရွာနှင့် ရှမ်းတုန်းကျေးရွာကြားရှိ ချောင်းကိုတံတားခင်းပေးနိုင်မည်ဆိုပါက ပျားသံကိုင်းကျေးရွာနှင့် အနီးအနားရှိ ရွာများ၏ စီးပွားရေး ကျန်းမာရေး ပညာရေး အခန်းကဏ္ဍများ၌ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်သည်။

## ပျားသံကိုင်းကျေးရွာ၏ ပညာရေး

ပျားသံကိုင်းကျေးရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်း၏အရှေ့ဘက်တွင် ကိုက်(၂၀၀)ခန့်အကွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။

အလျား(၆၅)ပေ၊ အနံ(၃၀)ပေရှိ သွပ်မိုး၊ အုတ်နံရံကပ်၊ အုတ်ခင်းတစ်ထပ်ဆောင်နှင့် အလျား(၃၀)ပေနှင့် အနံ(၁၅)ပေ သွပ်မိုး၊ ဝါးထရံကာ၊ မြေသားအခင်းတစ်ဆောင် ပေါင်း(၂)ဆောင်ရှိပါသည်။ သူငယ်တန်း(ကေဂျီ)ကျောင်းသား၊ သူပေါင်း(၁၀)ဦး၊ ပထမတန်း(၃)ဦး၊ ဒုတိယတန်း(၀၀)ဦး၊ တတိယတန်း(၁၂)ဦး၊ စတုတ္ထတန်း(၅)ဦး၊ အ.မ.က ပျားသံကိုင်းကျောင်းမှာ ကျား(၁၅)ဦး၊ မ(၂၅)ဦး၊ မူလတန်းကျောင်းသား၊ သူဦးရေး စုစုပေါင်း(၄၀)ဦး ပညာသင်ကြားလျှက်ရှိပါသည်။

ပျားသံကိုင်းကျေးရွာ ကျောင်းဆောင်အဆောက်အဦးအခြေအနေမှာ ယိုင်းရိုင်နေပါသဖြင့် အန္တရာယ်ရှိသော အခြေအနေပါသဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ပေးစေလိုပါသည်။ အလျား(၆၅)အနံ(၃၀)ပေရှိ သွပ်မိုး၊ အုတ်နံရံကပ်၊ အုတ်ချင်း ကျောင်းဆောင်မှာလည်း အခန်းများဖွဲ့စည်းထားခြင်းရှိသဖြင့် ကျောင်းသား၊ကျောင်းသူများ ပညာသင်ကြားရာတွင် တစ်တန်းနှင့် တစ်တန်းအသံများလုံးထွေးရော ည်သောကြောင့် ဆရာ၊ဆရာမများနှင့်တကွ ကျောင်းသား၊ ကျောင်းသူများအတွက် အခက်အခဲဖြစ်နေပါသည်။

ပျားသံကိုင်းကျေးရွာ အ.မ.က ပျားသံကိုင်း၌ လက်ရှိဆရာ၊ ဆရာမဦးရေမှာ ကျောင်းအုပ်အပါအဝင်(၅)ဦးရှိပါသည်။ မ.လ.ပြ ဆရာတစ်ဦးလစ်လပ်နေပါသည်။

မူလတန်းကျောင်းခွဲအဖြစ်တိုးမြှင့်ခြင်းခံရသည်မှာ ၂၀၁၈-ခုနှစ်တွင် စတင်တောင်းခံခဲ့ပါသည်။ ကျောင်းသား၊သူများ အလယ်တန်း၊ အထက်တန်းသို့ သွားလာရာတွင် ချောင်းခြားသဖြင့် တောင်းခံရာ မူလတန်းကျောင်းခွဲရရှိခြင်းမရှိသေးပါ။ ထို့ကြောင့် မူလတန်းကျောင်းခွဲရရှိအောင် လျှောက်ထားဆဲဖြစ်ပါသည်။ သွပ်မိုး၊ အုတ်နံရံကပ်၊ ကြွေပြားခင်း၊ အိမ်သာ(၁)လုံးရှိပါသည်။ ကျောင်းသား၊သူများအနေဖြင့် အိမ်သာသုံးစွဲရမှာ အခက်အခဲရှိပါသည်။ သင်ထောက်ကူပစ္စည်းများ၊ စာရေးခုံ၊ ထိုင်ခုံများလိုပါသည်။ မူလတန်းကျောင်းပြီးသော ကျောင်းသား၊သူများသည် အ.လ.က ပျူကန်ကျေးရွာသို့ ခြေလျင်(၃)မိုင်ခန့် လမ်းလျှောက်သွားရာ၊ မိုးတွင်းအခါ ချောင်းရေကျသဖြင့် ကျောင်းသား၊သူများသွားလာရေးခက်ခဲပါသည်။ ကျောင်းသားများသွားလာရေးအဆင်ပြေအောင်၊ လမ်းများပြုပြင်ပေး၍ တံတားများတည်ဆောက်ပေးစေလိုပါသည်။ ကျောင်းသားများသွားလာရေးအဆင်ပြေအောင်၊ လမ်းများပြုပြင်ပေး၍ တံတားများတည်ဆောက်ပေးစေလိုပါသည်။ အလယ်တန်းကျောင်းပြီးသော ကျောင်းသား၊သူများသည် (၄)မိုင်ခန့်ရှိသည့် အ.ထ.က ဗဟင်းသို့သွားတက်ရာ၊ မိုးတွင်းအခါတွင် အခက်အခဲများရှိပါသည်။

ပျားသံကိုင်းကျေးရွာရှိ ကျောင်းသား၊သူ မိဘများသည် ပညာရေးကိုစိတ်ဝင်စားသော မိဘများဖြစ်ကြသည်။ ထို့ကြောင့် အခက်အခဲများရှိသည့်ကြားက ပညာရေးကို ဦးစားပေး၍ သား၊ သမီးများကို ပညာတက်ဖြစ်အောင် ထားကြပါသည်။ ပျားသံကိုင်းကျေးရွာတွင် ဘွဲ့ရပညာတက်(၁၅)ဦးခန့်သာ ရှိပါသည်။ အလုပ်အကိုင်မရှိသေးသော ဘွဲ့ရပညာတက်(၁၀)ဦးခန့်ရှိပါသည်။ အဆက်အသွယ်မရှိခြင်း၊ သင်တန်းများမတက်နိုင်ခြင်းတို့ကြောင့် လုပ်ငန်းခွင်နှင့် အလှမ်းဝေးနေပါသည်။

ကျောင်းတွင်သောက်ရေ၊ သုံးရေလုံလောက်မှုမရှိခြင်း၊ အိမ်သာများလုံလောက်မှုမရှိခြင်း ပြဿနာများရှိပါသည်။ ထို့ကြောင့်ကလေးများ ကျန်းမာပျော်ရွှင်စွာစာသင်နိုင်အောင် ရေသန့်စက်များပြုလုပ်ပေးရန်လိုအပ်ပါသည်။ တစ်ရွာလုံး၏ ပညာအရေးအခြေအနေကို သုံးသပ်ကြည့်လျှင်ရွာ၌ ဖြည့်ဆည်းရာ စာကြည့်တိုက်ကို ဖြည့်ဆည်းရာဆရာတော်ဦးဆောင်မတည်ပြီး ကျေးရွာသူ၊သားများပူးပေါင်း၍ အကောင်အထည်

ဖော်နိုင်ခဲ့ခြင်းကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ အသိပညာဗဟုသုတများရရှိခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံရေးဗဟုသုတများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အကောင်အထည်ဖော်မှု အထိုက် အလျောက်အောင်မြင်မှုများ ရရှိခဲ့ပါသည်။

## ဆိတ်ရှေးအုပ်စု၊ ပျားသံကိုင်းကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှု (သို့)ကျန်းမာရေးဆေးပေး ခန်းမရှိခြင်းပြဿနာ

ပျားသံကိုင်းကျေးရွာ၊ အိမ်ခြေ(၁၀၀)အိမ်ရှိ၍ လူဦးရေ(၅၅၀)ရှိသော ကျေးရွာဖြစ်ပါသည်။ ကျန်းမာရေးဆေးပေးခန်းမရှိဘဲ ကျန်းမာရေးဝန်ဆောင်မှုအားနည်း၍ ပျားသံကိုင်းကျေးရွာသူ၊ သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အခက်အခဲဖြစ်နေကြသည်ကို တွေ့ရှိရပြီး ထိုသို့ဖြစ်နေရခြင်းမှာ အနီးကပ် ကျန်းမာရေးဆေးပေးခန်းမရှိခြင်း ပြဿနာကို ဖြစ်ပွားနေပါသည်။ ဆေးပေးခန်းဆောက်လုပ်ရန်နေရာရှိသော်လည်း ဆေးပေးခန်းအဆောက်အဦးအတွက် ကျေးရွာမှ ငွေကြေးအင်အားမတတ်နိုင်ခြင်း၊ ဆေးဆရာ၊ ဆရာမများနှင့် ဆေးဝါးပစ္စည်းများလိုအပ်မှုရှိခြင်း၊ ဆက်သွယ်ဆောင်ရွက်ရန် နည်းလမ်းမသိခြင်း၊ ကျေးရွာသူ၊သားများ အနေဖြင့် ပြင်ပဗဟုသုတနှင့် အသိဉာဏ်နည်းခြင်းကြောင့် ပျားသံကိုင်းကျေးရွာ၏ အနောက်တောင်ဘက် (၄)မိုင်ကွာဝေးသော ဗဟင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရာတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိပါသည်။ မိုးတွင်းအခါတွင် ချောင်းရေအများအပြားလာသောကြောင့် လူနာအချို့သည်မသေသင့်ဘဲ ဆေးကုသမှုနောက်ကျသောကြောင့် အသက်ဆုံးရှုံးရသော လူနာများလဲရှိပါသည်။ ထို့ကြောင့် ကျေးရွာမှာ ကျန်းမာရေးဆေးပေးနှင့် ဆရာ၊ဆရာမများ မရှိသောကြောင့် ကျန်းမာရေးမှာ အခက်အခဲပြဿနာများ တွေ့ရှိရပါသည်။

ကျန်းမာရေးဆေးပေးခန်းမရှိသော ပြဿနာတစ်ခုသည် ပျားသံကိုင်းကျေးရွာ ရွာသူ၊သားများအတွက် ကျန်းမာရေးအတွက်မကဘဲ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော ပညာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် များစွာထိခိုက်မှုကို တွေ့ရှိရပါသည်။ ကျန်းမာရေးအတွက် အဓိကအခက်အခဲဖြစ်သောသူများမှာ တစ်နေ့လုပ်တစ်နေ့စား ဆင်းရဲသားမိသားစု အိမ်ထောင်စုများ၊ မွေးကင်းစမှ(၅)နှစ်အတွင်း ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများဖြစ်ကြပြီး ကျေးရွာရှိ(၅၅၀)ဦးသော ရွာသူ၊သားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် များစွာအခက်အခဲဖြစ်နေသည်ကို တွေ့ရှိရပါသည်။

CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဆိတ်ချေးကျေးရွာအုပ်စု ပျားသံကိုင်းကျေးရွာ၏ စီးပွားရေး

ပျားသံကိုင်းကျေးရွာ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ ယာဉ်မောင်း၊ စက်မောင်း၊ မွေးမြူရေး၊ ကျပန်းလုပ်သားနှင့်အစိုးရဝန်ထမ်းများအဖြစ် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

ပျားသံကိုင်းကျေးရွာ၏အဓိကစိုက်ပျိုးမြေအရင်းအမြစ်မှာ လယ်ယာမြေစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံ လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နွားမများ မွေးမြူခြင်း၊ ကြက်များမွေးမြူခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ ပျားသံကိုင်းကျေးရွာ၏ ရွှေ့ပြောင်းလုပ်ကိုင်သူများမှာ ကချင်ပြည်နယ်၊ ဖားကန့်သို့သွားရောက်၍ စက်မောင်းသမားများ၊ ကားသမားများ၊ ကျောက်ရှာသမားများ၊ အထွေထွေလုပ်သားများ၊ ရေမဆေးကျောက်ရှာသမားများစသည့် လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မိန်းကလေးအများစု မြန်မာနိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့သို့ သွားရောက်၍ အထည်ချုပ်စက်ရုံသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ထို့အပြင် တရုတ်ပြည်သို့ သွားရောက်လုပ်ကိုင်ကျသော အမျိုးသားလုပ်သားများနှင့် အမျိုးသမီးလုပ်သားများ ရှိပါသည်။

ရာသီဥတုမမှန်ခြင်း၊ မိုးရွာသွန်းမှုနည်းခြင်းတို့ကြောင့် ပဲစဉ်းငုံစိုက်၊ နှမ်းစိုက်ပျိုးသူ တောင်သူများ သီးနှံအထွက်နှုန်းလျော့ကျကာ စီးပွားရေးကြပ်တည်းလာ၍ ရွှေ့ပြောင်းလုပ်ကိုင်စားသောက်ရသော မိသားစု တိုးပွားလာကာ ရပ်ရွာအတွင်းရှိသော သာရေးနာရေးနှင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ကိုင်ရန် လူငယ်၊ လူရွယ်များ နည်းပါးလာပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် ရေလောက်ငှာမရှိသောကြောင့် မိသားစုများ တဝမ်းနေရေးခက်ခဲလာပြီး အကြွေးများတင်ကာ အလုပ်အကိုင်အခွင့်အလမ်းရှိရာ တခြားမြို့သို့သွားရောက်လုပ်ကိုင်ပြီး မိမိရရှိသော လုပ်အားခအချို့ကို အကြွေးများဆပ်ခြင်း၊ ကျန်ရှိသောငွေတချို့ကို မိမိ၏ တဝမ်းနေရေးအတွက် ဖြေရှင်းကြရသည်။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အဆင်ပြေစွာ နေထိုင်ရန်အတွက် လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုပြီး ဆောင်ရွက်ပေးစေလိုပါသည်။

## ပျားသိကိုင်းကျေးရွာ၏ ရေရရှိမှုအခြေအနေ

ပျားသိကိုင်းကျေးရွာသည် ချောင်းရေကိုသာ အဓိကထားအသုံးပြုနေရသဖြင့် သောက်သုံး ရေလွန်စွာ ခက်ခဲပါသည်။ မိုးတွင်းတွင် မိုးရေကိုသောက်သုံးရေအဖြစ် အသုံးပြုရသည်။ စက်ရေတွင်းများဖော်သော်လည်းကောင်း ရေငန်သာထွက်ပါသည်။ သောက်သုံးရေအဖြစ် အသုံးမပြုနိုင်ပါ။ နွေရာသီတွင် သိုလှောင်ထားသော မိုးရေမလုံလောက်သဖြင့် မသန့်ရှင်းသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများစသည့် ဝမ်းရောဂါများ ရင်ဆိုင်နေရပါသည်။ မိုးရာသီတွင်လည်း မိုးရေသိုလှောင်မှုကြောင့် ခြင်များပေါက်ပွားမှုများ မြင့်တက်၍ သွေးလွန်တုပ်ကွေး။ ရာသီတုပ်ကွေးစသည့် ကျန်းမာရေးပြဿနာများ ရင်ဆိုင်နေရပါသည်။ ကျန်းမာရေးပြဿနာများကြောင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့၌ အရာရာနောက်ကျပါသည်။ ကျန်းမာရေးမကောင်းခြင်းကြောင့် ငွေကုန်ကြေးကုန်ကျများ၍ အလုပ်ပျက်ခြင်းကြောင့် စီးပွားရေးနောက်ကျရပါသည်။ ကျန်းမာရေးကြောင့် ကျောင်းသားများ ကျောင်းမတက်နိုင်၍ ပညာရေးနောက်ကျရပါသည်။

